အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁၊ အမှတ် ၁၁

၂၆ ဧပြီ ၂၀၂၂

## မြန်မာ့နွေဦးတော်လှန်ရေး အတွက် အမေရိကန် အမျိုးသားလုံခြုံရေး ကောင်စီနှင့် ဆွေးနွေး

မြန်မာနွေဦးတော်လှန်ရေးအား ကူညီနိုင်မည့်နည်းလမ်းများကို လူ့အခွင့်အရေး ဆိုင်ရာ ဝန်ကြီး ဦးအောင်မျိုးမင်းနှင့် အမေရိကန်၊ အမျိုးသားလုံခြုံရေး ကောင်စီ၏ အရှေ့အာရှဒေသဆိုင်ရာ အဆင့်မြင့် ဒါရိုက်တာ Mr. Edgard Kagan တို့ ဧပြီလ ၇ ရက်က အိမ်ဖြူတော်၌ တွေ့ဆုံစဉ် ပွင့်လင်းစွာ ဆွေးနွေးခဲ့ သည်။

အမေရိကန်အစိုးရ အပါအဝင် ဒေသတွင်း မိတ်ဖက် နိုင်ငံများ ပူးပေါင်း၍ မည်သို့ကူညီနိုင်မည်ဆိုသည့်နည်းလမ်းများကို ထည့်သွင်း ဆွေးနွေးခဲ့သည်။

## ရိုဟင်ဂျာလူမျိုးသုဉ်းသတ်ဖြတ်မှုအတွက် အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်မည်

တရားမဝင် အာဏာသိမ်းထားသည့် စစ်ကောင်စီ၏ အကြမ်းဖက်စစ်တပ်က ရိုဟင်ဂျာများအပေါ် လူမျိုးသုဉ်း သတ်ဖြတ်မှု ကျူးလွန်ကြောင်း အမေရိကန်အစိုးရ ဆုံးဖြတ် သတ်မှတ်ခဲ့မှုအပေါ် အမျိုးသားညီညွတ်ရေးအစိုးရ - NUG က ကြိုဆိုကြောင်း ဧပြီလ ၄ ရက်က အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကမ္ဘာလုံးဆိုင်ရာ ရာဇဝတ်မှုနှင့် တရားမျှတမှုဆိုင်ရာ သံအမတ်ကြီး Mrs. Beth Van Schaack နှင့် တွေ့ဆုံစဉ် လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက ပြောဆိုခဲ့သည်။

ဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့က ယင်းသို့ တွေ့ဆုံစဉ်အတွင်း အဆိုပါ လူမျိုးသုဉ်း သတ်ဖြတ်မှု အပေါ် တရားမျှတမှု ရရှိရေး ဖော်ဆောင်သည့်လုပ်ငန်းစဉ်များတွင်အစိုးရအနေဖြင့်လည်း ပူးပေါင်း ဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။



## မကွေးတိုင်းတွင် ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

**ပေါက်မြို့နယ်တောင်ပိုင်း၊ လက်ပံလှ ရွာအား** မြန်မာနှစ်သစ်ကူး မဟာ သင်္ကြန်အကြိုနေ့ ဧပြီလ ၁၃ ရက် နံနက် ၇ နာရီခန့်တွင် အကြမ်းဖက် စစ်တပ်က ဒုတိယအကြိမ် မီးတင်ရှို့ခဲ့ပြီး ဒေသခံပြည်သူများ ထွက်ပြေး တိမ်းရှောင်နေ ကြရသည်။ စစ်ကောင်စီတပ်ဖွဲ့များသည် ပေါက်မြို့နယ်၌ အင်အားအပြည့်ဖြင့် ကျေးရွာများသို့ လှည့်လည် ဖျက်ဆီးမှု များ လုပ်ဆောင်နေလျက်ရှိပြီး ပေါက်မြို့ နယ်၊ ရေပြာတံတားမြောက်ဘက်၌ လည်း ဂိတ်ချ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

■ စာ ၂ သို့

**“မိသားစုကျန်ခဲ့လို့ သွားပြန်ခေါ်တဲ့ ကောင်လေးကို ဖမ်းပြီး လမ်းမှာတင် ခေါင်းကိုတေ့ပြီး ပစ်သတ်လိုက်တယ်”**

■ ရေစကြိုဒေသခံတစ်ဦး၊ စာ ၇

**မကွေးတိုင်း ...**

မင်းဘူးမြို့နေ အသက် ၁၉ နှစ်အရွယ် မောင်အောင်ပြည့်စုံမှာ ဧပြီလ ၁၀ ရက် က သူငယ်ချင်းဖြစ်သူ အမျိုးသမီးငယ် နှစ်ဦးနှင့် ဆိုင်ကယ်ဖြင့် မကွေးမြို့ သို့ သွားရောက်စဉ် လည်ပတ်စဉ် ဆိုင် ကယ်အား သုံးယောက်စီးသည်ဟု ဆိုကာ အကြမ်းဖက် စစ်တပ်က ဖမ်းဆီးပြီး နောက် နာရီပိုင်းအကြာတွင် ၎င်းအား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ် လိုက်ကြ သည်။

ပခုက္ကူ-မြိုင်လမ်းပိုင်းရှိ အင်ပင်ကျေးရွာနှင့် ယောင်းမစွန် စက်သုံးဆီအနီး တွင် မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီးနောက် ပခုက္ကူမြို့သို့ ဧပြီလ ၉ ရက် ညနေ ပိုင်းက လမ်းတစ်လျှောက် သေနတ် များ ပစ်ဖောက်၍ ပခုက္ကူမြို့သို့ ပြန်လာ သည့် အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင် များ လက်ချက်ကြောင့် လမ်း သွားလမ်း လာလူငယ်တစ်ဦး ကျည်ထိ မှန်ကာ ဖမ်းဆီးခံခဲ့ရပြီးနောက် မီးရှို့ သတ်ဖြတ် ခြင်း ခံခဲ့ရသည်။

ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ ရွာလှကျေးရွာအား ဧပြီလ ၁၁ ရက် နံနက်ပိုင်း ကအကြမ်းဖက်စစ်ကောင်စီတပ်များနှင့် ပျူ စောထီးများက ဝင်ရောက်စီးနင်း ပြီးနောက် အသက် ၈၀ အရွယ် ဒေါ်ခင်သန်းအား နေအိမ်နှင့်အတူ မီးရှို့သတ်ဖြတ် ကာ ဒေသခံ များ စုဆောင်းထား သည့် စားနပ်ရိက္ခာ တဲ (၂၀) ကျော်နှင့် လူနေအိမ် (၃၀) ကျော်အား မီးရှို့ ဖျက်ဆီးခဲ့သည်။ ရွာတွင်း လူသတ်၊ မီးရှို့မှုများ ကျူးလွန်ပြီးနောက် ပြန်လည်ထွက်ခွာစဉ်လည်း ရွာအဝင်အထွက် လမ်းများ တွင် မိုင်းများ ထောင်ထားခဲ့ သေးရာ ရွာသို့ ပြန်လာသည့် ဦးမင်းဦး ဆိုသူမှာ မိုင်းထိ၍ ပွဲချင်းပြီး သေဆုံးခဲ့သည်။

ပခုက္ကူခရိုင်၊ ပေါက်မြို့နယ် တောင်ပိုင်းကျေးရွာများဖြစ်သည့် အင်းငယ် ဒေါင့်၊ ဘို့မယ် နှင့် တောင်ချိုကျေးရွာတို့အား ဧပြီလ ၁၁ ရက် နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းများတွင် အကြမ်းဖက်စစ်ကောင်စီတပ်များကစီးနင်းမီးရှို့ ဖျက်ဆီးခဲ့သည်။ နံနက် ၈ နာရီခွဲခန့်တွင် တောင်ချိုရွာ၊ နေ့လယ် ၁ နာရီခွဲခန့်တွင် ဘို့မယ်ရွာနှင့် နေ့လယ် ၃ နာရီခန့်တွင် အင်းငယ်ဒေါင့်ရွာများ အား ဆက်တိုက် မီးရှို့ ဖျက်ဆီးခဲ့ခြင်း ဖြစ်သည်။

ပခုက္ကူမြို့ပေါ်တွင်အကြမ်းဖက်စစ်ကောင်စီလက်အောက်ခံ စစ်တပ်၊ ရဲနှင့် ယာဉ်ထိန်းရဲများက ဧပြီလ ၁၀ ရက်နေ့တွင် အမျိုးသားနှစ်ဦး စီးနင်းသည့် ဆိုင်ကယ်များအား ပစ်မှတ်ထား တားဆီးစစ်ဆေးကာ ဖုန်းများအား စစ်ဆေးခဲ့ပြီး နိုင်ငံရေးနှင့် ပတ်သက်သည့် အချက်အလက်များ မရှိပါက ငွေ သုံးသောင်း ဒဏ်ရိုက်ကာ ပြန်လွှတ်ပေးသော် လည်း ဆက်စပ်သည့် အချက်အလက်များ တွေ့ရှိပါက ပြန်မလွှတ်ဘဲ ဖမ်းဆီးလျက်ရှိသည်။

## စစ်ကိုင်းတိုင်းတွင် ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

ဝက်လက်မြို့နယ်၊ ရွာနန်းကျေးရွာအား အင်အား ၁၀၀ ကျော်ပါရှိသည့် တပ်မ-၃၃ စစ်ကြောင်းက ဧပြီလ ၇ ရက် နံနက် အစောပိုင်း ၂ နာရီခွဲခန့်တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဝင်ရောက်ပြီးနောက် နံနက် ၄ နာရီမှစ၍ ကျေးရွာအား မီးလောင် တိုက်သွင်း ဖျက်ဆီးခဲ့သည်။ ယင်းသို့ ပစ်ခတ်စီးနင်းစဉ်အတွင်းသက်ကြီးရွယ်အိုအဘွားတစ်ဦး အပါအဝင် အမျိုးသမီး သုံးဦးနှင့် အမျိုးသား ငါးဦးအား အရှင်လတ်လတ် မီးရှို့ သတ်ဖြတ်ခံခဲ့ရသည့် အပြင် အိမ်ခြေ ၆၀၀ ခန့်ရှိ ကျေးရွာအတွင်းရှိ အိမ်ခြေ ၅၀၀ ခန့် မီးတင်ရှို့ ဖျက်ဆီးခံခဲ့ရသည်။ ရွာမီးလောင်စဉ် အတွင်းလုပ်ငန်းသုံး နွားကောင် ရေ ၂၉ ကောင်၊ ဆိတ် ၃၇ ကောင်၊ ဝက် ၁၆ ကောင်နှင့် ကြက်ခြံများလည်း မီးလောင် ဆုံးရှုံးခဲ့ရသည်။

ကလေးမြို့တွင် ဧပြီလ ၁၀ ရက် ည ၈ နာရီခန့်က အကြမ်းဖက်စစ်ကောင်စီတပ်များ ပစ်ခတ်မှုများကြောင့် အောင်သစ္စာ ရပ်ကွက်၊ ရွှေကျောင်းတော်ဘုန်းကြီး ကျောင်း၌ ဝေယျာဝစ္စပြုလုပ်နေထိုင်သူ ဦးလင်းထက်စိုး၊ သစ်သီးရောင်းချသူ အမျိုးသမီးတစ်ဦးနှင့် အခြားမြို့ခံပြည်သူတစ်ဦး ကျည်ထိမှန်ခံကာ ဦးလင်းထက်စိုး မှာ ကျည်ဒဏ်ရာဖြင့် ဧပြီလ ၁၁ ရက် နံနက်ပိုင်းတွင် သေဆုံးသွားသည်။ ဧပြီလ ၁၀ ရက် ညနေ ၅ နာရီခန့်တွင် မြို့ပေါ် ရပ်ကွက်အချို့၌ ဗုံး နှစ်လုံး ပေါက်ကွဲပြီး နောက် ည ၆ နာရီခွဲခန့်တွင် အင်အား ပြင်းဗုံးပေါက်ကွဲမှု တစ်ကြိမ် ထပ်မံ ဖြစ်ပွားပြီးနောက် အကြမ်းဖက်စစ်ကောင် စီတပ်ဖွဲ့ဝင်များက မြို့ပေါ်၌ ရမ်းသမ်းပစ်ခတ်မှုများ ပြုလုပ်စဉ် ယင်းသို့

ကျည်ထိမှန် သေဆုံးမှု များ ဖြစ်ခဲ့ခြင်း ဖြစ်သည်။ ဦးလင်းထက်စိုးမှာ ဘုန်းကြီးကျောင်းမှ နေအိမ်သို့ ပြန်လာစဉ် ဝမ်းဗိုက်၌ ကျည်ထိမှန်ခဲ့ခြင်း ဖြစ်ပြီး ၎င်း၏ ဖခင်မှာ ကလေးမြို့ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် - ဒကစ မှ ပင်စင်ယူထားသူ စစ်မှုထမ်းဟောင်းဖြစ်ကာ ၎င်း၏ ယောက်ဖဖြစ်သူမှာလည်း ကလေး-ဒကစ၌ပင် လက်ရှိ စစ်မှုထမ်းနေသူ ဖြစ်သည်။ အခြားကျည်ထိမှန်ခဲ့သူများမှာ ကလေး၊ အောင်ဇေယျရပ်ကွက်တွင် နေထိုင်သူဖြစ်ကာ အခြားတစ်ဦးမှာ ကလေးမြို့၊ ဗိုလ်ချုပ်လမ်း၊ ရိုးမဘဏ်အနီး သစ်သီးရောင်းချ သူတို့ဖြစ်ကာ ဆိုင်ပိတ်သိမ်းနေစဉ် ကျည်ထိမှန်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့နှစ်ဦးမှာမူ အသက်အန္တရာယ် မစိုးရိမ်ရသည့် အခြေအနေတွင် ရှိသည်။

စစ်ရှောင်စခန်းတွင် ရိက္ခာပြတ်၍ ကျေးရွာ၌ ဆန်သွားရောက် ယူဆောင်သည့် ကလေးမြို့ တောင်ပိုင်း၊ ကလေး-ဂန့်ဂေါ လမ်းပိုင်းရှိမှန်တောကျေးရွာသားများဖြစ်သည့် ကိုထန်ဘိတ်၊ ဆလိုင်းနေဒိမ်ဆန်နှင့် ကိုလျန်ထီးယိုတို့ သုံးဦးအား အကြမ်းဖက်စစ်ကောင်စီတပ်များက ဧပြီလ ၈ ရက်တွင် ပစ်ခတ် သတ်ဖြတ်လိုက်သည်။ မှန်တောကျေးရွာ၌ အကြမ်းဖက်စစ်ကောင်စီ တပ်များက ဝင်ရောက်စီးနင်းမှုများ ပြုလုပ်သည့်အတွက် ရွာလုံးကျွတ်နီးပါး စစ်ရှောင်စခန်းများ၌ သွားရောက်နေထိုင်နေရခြင်းဖြစ်ကာ သတ်ဖြတ် ခံရသည့် လူငယ်သုံးဦး အလောင်းအား လာရောက်လာ ယူရန် ဧပြီလ ၉ ရက်တွင် အကြမ်းဖက်စစ်တပ် က သေဆုံးသူများ၏ မိသားစုဝင်များထံ ပြောဆိုခဲ့သော်လည်း သွား ရောက်မယူရဲသည့်အတွက် အနီးရှိ တောင်ခရမ်း ကျေးရွာဒေသခံများက ဧပြီလ ၁၁ ရက်တွင် သွားရောက် မီးသင်္ဂြိုဟ် ပေးခဲ့ရ သည်။

အရာတော်မြို့နယ်၊ ရှောက်ခါးကျေးရွာအား ဧပြီလ ၇ ရက် နံနက်ပိုင်းတွင် အကြမ်းဖက်စစ်ကောင်စီတပ်များကလက်နက်ကြီးဖြင့် ပစ်ခတ်၍ ဝင်ရောက်စီးနင်းပြီးနောက် ကျည်ထိမှန်သေဆုံးခဲ့သည့် အသက် ၂၅ နှစ်အရွယ် ကိုရွှေသင်းဆိုသူအား နေအိမ်နှင့်တကွ မီးရှို့အလောင်း ဖျောက်ဖျက် ခဲ့သည့်အပြင် ကျေးရွာ တွင်းရှိ ပြည်သူပိုင် နေအိမ် ၆၇ လုံးကိုလည်း မီးလောင်တိုက်သွင်း ဖျက်ဆီးခဲ့သည်။ မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ် များအပြင် သီးနှံများ သိုလှောင်ထားရာ စပါးကျီများ၊ ဆိုင်ကယ်၊ ထွန်စက်၊ ရေစက်နှင့် လယ်ယာသုံး ပစ္စည်းများကိုပါ ပျက်စီးခဲ့သည့်အပြင် လယ် ယာသုံး နွား၊ အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ကြက်၊ ဝက် စသည်တို့ကို သတ်ဖြတ်ယူဆောင်သွားကြသည်။ ကျေးရွာမှပြန်လည် ထွက်သွားသည့် အကြမ်းဖက်စစ်ကောင်စီ တပ်များမှာ ကျေးရွာသား ကိုမျိုးမင်း အပါအဝင် အချို့ကိုလည်း လူသားဒိုင်းအဖြစ် အသုံးပြုရန် ဖမ်းဆီးခေါ်ဆောင်သွားသေးသည်။

ဝက်လက်မြို့နယ်၊ ရွာနန်း (နတ်နန်း) ရွာအား အကြမ်းဖက် စစ်ကောင်စီ၏ တပ်မ - ၃၃ လက်အောက်ခံ တပ်များနှင့် ပျူစောထီးအဖွဲ့များက ဧပြီလ ၇ ရက်တွင် ရွာတွင်းသို့ လက်နက်ကြီးများ ပစ်ခတ်၍ ဝင်ရောက်စီးနင်းခဲ့ရာ မပြေးနိုင်ဘဲ ကျန်နေသည့် ဒေါ်ခင်ဝင်း၊ ကိုဇော် အပါအဝင် ရွာခံ (၇) ဦးအား သတ်ဖြတ်ခဲ့ကာ နေအိမ် ၂၀၀ ကျော်ကိုလည်း မီးလောင်တိုက်သွင်း ဖျက်ဆီးခဲ့သည့်အတွက် ကျေးရွာခံ စစ်ဘေးရှောင် ၃၀၀၀ ကျော် ရှိနေပြီး ထက်ဝက်ကျော်မှာ အိုးမဲ့အိမ်မဲ့ဖြစ်ကာ စားဝတ်နေရေး အခက်အခဲများနှင့်လည်း ရင်ဆိုင်နေကြရသည်။

စစ်ကိုင်းမြို့နယ်၊ ဆားတောင်မြို့၊ သာစည်လေးကျေးရွာအားအကြမ်းဖက်စစ်ကောင်စီ တပ်များက ဧပြီလ ၉ ရက် နံနက်အစောပိုင်း လေးနာရီခန့်တွင် စစ် ကြောင်းထိုးတိုက်ခိုက်၍ ဒေသခံပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့များက ခုခံခဲ့သည့် အတွက် တိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်ကောင်စီ ဘက်မှ တစ်ဦး သေဆုံးကာ လေးဦး ဒဏ်ရာရရှိခဲ့သည်။ တိုက်ပွဲအပြီးတွင် စစ်ကောင်စီတပ် များက တိုက်ပွဲနှင့် မပတ် သက်သည့် အပြစ်မဲ့အရပ်သား လေးဦး အား မီးရှို့ သတ်ဖြတ်ခဲ့ပြီး တိုက်ပွဲအတွင်း ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင် နှစ်ဦး ပြည်သူ့အတွက် အသက်ပေးကျဆုံးခဲ့ရ သည်။

ကလေးမြို့တောင်ပိုင်း၊ နတ်ချောင်းကျေးရွာအား ဧပြီလ ၁၀ ရက်တွင် အကြမ်းဖက်စစ်ကောင်စီ တပ်များ ဝင်ရောက်လာကာ ပြည်သူပိုင်နေအိမ်များအား တတိယအကြိမ်မြောက် မီးရှို့ဖျက်ဆီးခဲ့သည်။ ကလေးမြို့တောင်ပိုင်း၌ စစ်ကောင်စီတပ်များနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ - LPDF များအကြား တိုက်ပွဲများပြင်းထန်နေကာ LPDF များအား မကူညီနိုင်ရန်အတွက် ယင်းဒေသ အတွင်းရှိ ကျေးရွာများအား စစ်ကောင်စီတပ်များက လက်နက်ကြီး၊ လက်နက် ငယ်များဖြင့် ပစ်ခတ်ကာ မီးလောင်တိုက်သွင်းခြင်းများ ဆက်တိုက် ပြုလုပ်နေခြင်း ဖြစ်ပြီး ဒေသခံပြည်သူ များမှာ ထွက်ပြေးတိမ်းရှောင်နေကြရသည်။

# ရန်ကုန်တိုင်းတွင် ဖမ်းဆီး၊ ထောင်ချနေမှုများ

ရန်ကုန်၊ အင်းစိန်ထောင်တွင် မတရားဖမ်းဆီး ခံထားရသည့် ဒဂုံတက္ကသိုလ်ကျောင်းသားများဖြစ်သော ကိုဇင်လင်းအောင် (ရုက္ခဗေဒ)နှင့် ကိုမောင်မင်းခန့် (သတ္တဗေဒ) တို့အား လှည်းကူးတရားရုံးနှင့် ကိုကျော်လင်းထွဋ် (ဇီဝဓာတုဗေဒ) အား အင်းစိန်တရားရုံးတို့က ထောင်ဒဏ်သုံးနှစ်စီ ကျခံရမည်ဟု မတရားပြစ်ဒဏ် ချမှတ်လိုက်သည်။

ရန်ကုန်တိုင်းတွင်း ပေါက်ကွဲမှုများ၊ စစ်ကောင်စီသတင်းပေး သတ်ဖြတ်ခံရမှုများ၊ စစ်ကောင်စီလက်အောက်ခံ ရဲစခန်းနှင့် ဌာနဆိုင်ရာအဆောက်အအုံ၊ ဘဏ်နှင့် ကင်စခန်းများ ဖောက်ခွဲတိုက်ခိုက်ခံရမှုများနှင့် ဆက်စပ်သည်ဆိုကာ လူငယ်ကိုးဦးအား အကြမ်းဖက်စစ်ကောင်စီက သေဒဏ်ပေးသည်ဟုဆိုကာ မတရားပြစ်ဒဏ် ချမှတ်လိုက်သည်။ အဆိုပါလူငယ်ကိုးဦးမှာ မြောက်ဥက္ကလာ၊ ဒေါပုံနှင့် အင်းစိန်မြို့နယ်များတွင် နေထိုင်သည့် မဆုဝေနှင်း၊ မဆုမြတ်သွယ်၊ ကိုခိုင်မင်းထွန်း၊ ကိုဉာဏ်ဟိန်းထက်၊ ကိုပြည့်ဖြိုးသူ၊ ကိုရဲရင့်ဖြိုး၊ ကိုဝေမိုးနိုင်၊ ကိုသန်းဇော်နှင့် ကိုလတ် ဆိုသူတို့ဖြစ်သည်။

သင်္ဃန်းကျွန်းမြို့နယ်တွင် အကြမ်းဖက်စစ် အာဏာရှင်စနစ် ဆန့်ကျင်ရေး ချီတက်ဆန္ဒပြသူများအား ဖမ်းဆီးရန် ကြိုးစားသည့် ရဲကားအား တားဆီးပေးခဲ့သည့် YBS ယာဉ်မောင်း ကိုကျော်ခိုင်ဝင်းကို ပုဒ်မ ၅၀၅ (က) ဖြင့် အမှုဖွင့် ပြီးနောက် ယင်းမြို့နယ်တရားရုံးက ထောင်ဒဏ် သုံးနှစ် ကျခံရမည်ဟု မတရားပြစ်ဒဏ် ချမှတ်လိုက်သည်။

ရန်ကင်းမြို့နယ် ပေါက်ကွဲမှုနှင့် ဆက်စပ်သည်ဆိုကာ စစ်ကောင်စီ တပ်များက မတရားဖမ်းဆီးထားသည့် လူငယ် ၁၀ ဦးအား စစ်ကောင်စီ လက်အောက်ခံ တရားရုံးက ထောင်ဒဏ် ၇ နှစ်စီ ကျခံရမည်ဟု မတ်လ ၃၁ ရက်တွင် မတရားပြစ်ဒဏ် ချမှတ်လိုက် သည်။ ယင်း ၁၀ ဦးအနက် စစ်ကြောရေး တွင် လူမဆန်စွာ ညှင်းပန်းနှိပ်စက်ခံခဲ့ရ သူ မခင်ငြိမ်းသူကို နောက်ထပ်ပုဒ်မများ တပ်၍ တရားစွဲဆိုထားသေးသည်။

ရန်ကုန်အခြေစိုက် ကျောင်းသားသမဂ္ဂများအဖွဲ့မှ မဆုရည်လင်းကို မတ်လ ၃၁ ရက်တွင် အကြမ်းဖက်စစ်ကောင်စီ လက်အောက်ခံ အင်းစိန်ထောင်တွင်း တရားရုံးက ပုဒ်မ ၅၀၅ (က) ဖြင့် ထောင်ဒဏ် သုံးနှစ် ကျခံရမည်ဟု မတရားပြစ်ဒဏ် ချမှတ်လိုက်သည်။

ရန်ကုန်အခြေပြု အလွတ်တန်း သတင်းထောက် ကိုဇော်လင်းထွဋ်ကို မတ်လ ၃၁ ရက်တွင် အကြမ်းဖက် စစ်ကောင်စီ လက်အောက်ခံ အင်းစိန်ထောင်တွင်း တရားရုံးက ပုဒ်မ ၅၀၅ (က) ဖြင့် ထောင်ဒဏ် သုံးနှစ် ကျခံရမည်ဟု မတရားပြစ်ဒဏ် ချမှတ်လိုက်သည်။

ရန်ကုန်တက္ကသိုလ် နိုင်ငံရေးသိပ္ပံကျောင်းသူ မသဉ္ဇာထက်မိုးအား မတ်လ ၁၇ ရက်တွင် အကြမ်းဖက် စစ်ကောင်စီ လက်အောက်ခံ ပဲခူးတရားရုံးက ပုဒ်မ ၅၀၅ (က) ဖြင့် ထောင်ဒဏ် သုံးနှစ် ကျခံရမည်ဟု မတရားပြစ်ဒဏ် ချမှတ်လိုက်သည်။ ၎င်းမှာ ၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်က ရန်ကုန်မှ ပဲခူးသို့ သွားစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကာ သူမနှင့် အတူ အခြားသူ ၁၄ ဦးမှာလည်း ပုဒ်မ ၅၀၅ (က) ဖြင့် ဖမ်းဆီးထောင်ချခံ ထားရသည်။

PDF များအား ထောက်ပံ့သည်ဟု စစ်ကောင်စီက စွပ်စွဲထားသည့် အမျိုးသားအား မဖမ်းဆီးနိုင် သည့်အတွက် ၎င်းတို့၏ သားသမီးဖြစ်သူ အသက် သုံးနှစ်အရွယ် လူမမယ် ကလေးငယ်အား အလုံမြို့နယ် မူကြိုကျောင်း၌ စာသင်နေစဉ် စစ်ကောင်စီ တပ်ဖွဲ့များက ဓားစာခံအဖြစ် လူမဆန်စွာ သေနတ်ထောက် ဖမ်းဆီး သွားသည်။ ကလေးငယ်အား ဖမ်းဆီးချိန် တွင် စာသင်ကြားပေးနေသည့် ဆရာမများနှင့် အခြေအတင် ဖြစ်ခဲ့သေးကာ သေနတ်ဖြင့်ချိန်ကာ ဖမ်းဆီးခဲ့ခြင်းဖြစ်သည့် အပြင် မိခင်ဖြစ်သူကိုလည်း ကားနှင့် တိုက်ကာ သေနတ်ဖြင့် ပစ်ခတ် ဖမ်းဆီးထားသည်။

## နိုင်ငံတစ်ဝန်း ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

**ရှမ်းပြည်နယ်၊ ခနောက်ိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ရွှော်မြို့နယ်၊ မြို့ကုန်းရပ်ကွက်တွင်** နေထိုင်ကာ နိုင်ငံရေးလှုပ်ရှားမှုဖြင့် စစ်ကောင်စီ တပ်များ၏ ဖမ်းဆီးခံထားရသူကိုကျားပေါက်မှာ စစ်တပ်က ချိတ်ပိတ်သိမ်းဆည်း မိုင်းထောင်ထားသည့် နေအိမ်အား အတင်းအဓမ္မ ဝင်ရောက်ခိုင်းစေခဲ့မှုကြောင့် မိုင်းပေါက်ကွဲ သေဆုံးသွားခဲ့သည်။ ၎င်းမှာ လွန်ခဲ့သည့် တစ်လခန့်ကတည်းက ဖမ်းဆီးခံခဲ့ရသူဖြစ်ကာ စစ်ကောင်စီ တပ်များက ရွာမရပ်ကွက်၌ ချိတ်ပိတ် သိမ်းဆည်းကာ စခန်းချ၊ စစ်ကြောရေးစခန်း ဖွင့်ထားသည့်နေအိမ်အား မိုင်းထောင်ထားပြီးနောက် ကိုကျားပေါက်အား ဝင်ရောက် ရှင်းလင်းရမည်ဟု အတင်း အဓမ္မ စေခိုင်းခဲ့ရာမှာ ထောင်ထားသည့် မိုင်းပေါက်ကွဲ၍ သေဆုံးခဲ့ခြင်းဖြစ်သည်။

**ရွှော်မြို့နယ်၊ ရနဲကျေးရွာအုပ်စု မင်းပလောင်ကျေးရွာတွင်**အကြမ်းဖက် စစ်ကောင်စီ တပ်များက PDF များ ရှိသည်ဟုဆိုကာ စစ်ကြောင်းနှစ်ကြောင်းဖြင့် တောနင်း ရှာဖွေမှုများ ပြုလုပ်ခဲ့ပြီးနောက် ဧပြီလ ၁၁ ရက် ညပိုင်းတွင် ယင်းရွာမှ လူငယ် ၁၀ ဦးထက်မနည်းကို ဖမ်းဆီးခေါ်ဆောင်သွားသည်။

**ကရင်နီပြည်နယ်၊ ဖရူဆိုမြို့နယ်၊ ဒေါညေခူကျေးရွာနေ** စစ်ဘေးရှောင်များ ရိက္ခာပို့ရန် သွားရောက်သည့် မိုးဗြဲမြို့နေ အသက် ၂၅ နှစ်အရွယ် မောင်ပါစကွားလယ်ကို အကြမ်းဖက်စစ်တပ်က ဖမ်းဆီးသတ်ဖြတ် အလောင်းဖျောက်ဖျက်ထားသည်ကို ဧပြီလ ၉ ရက်က နယ်မြေရှင်းလင်းရေးလုပ်နေသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ - ဒီးမော့ဆို (DMO-Local PDF) နှင့် မဟာမိတ်တပ်ဖွဲ့များက ရှာဖွေ တွေ့ရှိခဲ့သည်။ သေဆုံးသူ၏ အလောင်း တွင် ပြင်းထန်စွာ နှိပ်စက် သတ်ဖြတ် ထားသည့် လက္ခဏာများ တွေ့ရှိရကာ ပြောက်ကျားဝတ်စုံ ဝတ်ပေးထားကာ ရုပ်အလောင်းအား သက်ဆိုင်ရာ ဆွေမျိုးများထံ ပြန်လည်အပ်နှံပေးခဲ့ရသည်။ အလားတူ ဖရူဆိုဘက်မှ ဒီးမော့ဆိုသို့ တက်လာကာ အကြမ်းဖက်စစ် ကောင်စီတပ်များ၏ ဖမ်းဆီးသတ်ဖြတ်ခြင်း ခံလိုက်ရပြီဟု ယူဆရသည့် အမျိုးသားနှစ်ဦးနှင့် ပတ်သက်၍မူ ယနေ့အချိန်အထိ သတင်းမရရှိသေးဘဲဖြစ်နေကာ ဒီးမော့ဆိုတွင် အရပ်သားပြည်သူသတ်ဖြတ်ခံရမှုမှာ ၁၀၆ ဦးအထိ ရှိနေပြီ ဖြစ်သည်။

**ရှမ်းပြည်နယ်၊ ကျောက်မဲမြို့ စည်ပင်ရုံး၌** မတ်လ ၂၉ ရက် ညနေ ၅ နာရီခန့်က ပေါက်ကွဲမှုဖြစ်ပြီးနောက်ပိုင်း စစ်ကောင်စီတပ်များက လုံခြုံရေးအရဟုဆိုကာ ကျောက်မဲမြို့ပေါ် ဈေးဝယ်ပြီးနောက် နောက်ပိန်ကျေးရွာသို့ ဆိုင်ကယ် ဖြင့် ပြန်လာသည့် အသက် ၄၃ နှစ်အရွယ် ဦးစိုင်းပီနှင့် တူဖြစ်သူ ကိုစိုင်းအောင်ကျော်ဦး (၂၈) နှစ်တို့အား ရိုက်နှက် ဖမ်းဆီးခဲ့ရာ ဦးစိုင်းပီးမှာ ရိုက်နှက်ခံရသည့် ဒဏ်ရာများဖြင့် ကျောက်မဲဆေးရုံသို့ ရောက်ရှိပြီး တစ်နာရီခန့်တွင် သေ ဆုံးသွားခဲ့သည်ဟု ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်က ထုတ်ပြန်ထားသည်။ ဖမ်းဆီးစစ်ဆေးစဉ်အတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဝင် ၂၀ ခန့်မှာ ဆိုင်ကယ်မောင်းနှင်သူ ဦးစိုင်းပီးအား ဆိုက်ကယ်ပေါ်မှ တွန်းချကာ ဦးခေါင်းနှင့် ရင်ဘတ်တို့အား သတိလစ်သည်အထိ ရိုက်နှက် ကန်ကြောက်ပြီးနောက် သတိလစ်နေသည့် ခန္ဓာကိုယ်အား စစ်ကားဖြင့် တင်၍ ကျောက်မဲဆေးရုံသို့ ပို့ခဲ့ခြင်းဖြစ်ကာ တူဖြစ်သူအား ကျောက်မဲရဲစခန်း၌ ထိန်းသိမ်းထားခြင်းဖြစ်သည်။ ဖမ်းဆီးစဉ်အတွင်း စီးနင်းလာသည့် ဆိုင်ကယ်နှင့် အတူပါလာသည့် ငွေကျပ် ခုနစ်သိန်းခွဲကိုလည်း စစ်တပ်က သိမ်းယူသွားပြီး ဦးစိုင်းပီးသေဆုံးပြီးနောက် တူဖြစ်သူအား ဆိုင်ကယ်နှင့်အတူ ပြန်လွှတ်ပေးခဲ့သော်လည်း ငွေပြန်မပေးခဲ့ပေ။ မတ်လ ၃၀ ရက်တွင် သိမ်းဆည်းခံရသည့်ငွေများ ပြန်ပေးရန် ကိုစိုင်းအောင်ကျော်ဦးက သွားရောက်တောင်းဆိုခဲ့သော်လည်း စခန်းသို့ ၎င်းအား လာရောက်ပို့ဆောင်စဉ် ဆိုင်ကယ်သာ ပါဝင်ပြီး ငွေမပါဝင်ကြောင်း ကျောက်မဲရဲစခန်းက ပြန်လည်တုံ့ပြန်ခဲ့သည်။ သေဆုံးခဲ့သည့် ဦးစိုင်းပီး၏ ရုပ်အလောင်းအား ကျောက်မဲဆေးရုံ၌ သွားရောက်ထုတ်ယူသည့်အခါတွင်လည်း ရင်ခွဲစစ်ဆေးခ ဟုဆိုကာ ငွေကျပ် ငါးသောင်း ထပ်မံတောင်းယူမှုများ ရှိခဲ့ပြီး ရုပ်အလောင်းအား ကျောက်မဲသုဿန်၌ပင် သဂြိုဟ်ခဲ့ရသည်။

**မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်**၊ ၃၅ လမ်း (၅၉ လမ်းနှင့် ၆၀ အကြား) ရှိ ရပ်ကွက်ရုံးအနီး၌ ဧပြီလ ၈ ရက် နံနက် ၈ နာရီကျော်ခန့်တွင် အကြမ်းဖက်စစ်ကောင်စီတပ်များက လူငယ်နှစ်ဦးအား ပစ်ခတ်သတ်ဖြတ်ခဲ့သည့်အပြင် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင် - PDF လူငယ်တစ်ဦးကိုလည်း ထောင်ချောက်ဆင် ဖမ်းဆီး သွားကြောင်း

မန္တလေးအခြေစိုက် တော်လှန်ရေး အင်အားစုများထံမှ သိရသည်။

တနင်္သာရီတိုင်း၊ ထားဝယ်မြို့၌ အကြမ်းဖက်စစ်ကောင်စီ ဆန့်ကျင်ရေး သပိတ်စစ်ကြောင်းတွင် ပါဝင်မှုဖြင့် ဖမ်းဆီးခံရကာ စစ်ကြောရေး၌ နှိပ်စက်ခံရသည့်ဒဏ်ကို မခံနိုင်တော့သောကြောင့် အရက်ပုံသောက် သတ်သေရန် ကြိုးပမ်းခဲ့သူ မစိုးမိမိကျော်အပါအဝင် ကိုစိုးပြည့်အောင်၊ မလှူးပြည့်ခင်တို့အား စစ်ကောင်စီလက်အောက်ခံ တရားရုံးက ပုဒ်မ ၅ဝ၅ (ဂ) အတွက် နှစ်နှစ်နှင့် ပုဒ်မ ၅၂ (က) အတွက် ငါးနှစ်၊ ထောင်ဒဏ် ခုနစ်နှစ်စီ ကျခံရမည်ဟု မတရားပြစ်ဒဏ် ချမှတ်လိုက်သည်။ ၎င်းတို့သုံးဦးမှာ တပ်ပေါင်းစု သပိတ်ကော်မတီအဖွဲ့ဝင် တက္ကသိုလ်ကျောင်းသားများဖြစ် ကာ ၂၀၂၁ ခုနှစ်စက်တင်ဘာလ ၂၀ ရက်ကတည်းက စစ်တပ်က အကြမ်းဖက်ရိုက်နှက် ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ တောင်ပျောက်တိုက်နယ်တွင်းရှိ ကျေးရွာများအား ဧပြီလ ၂ ရက်တွင် လက်နက်ကြီးများ ပစ်ခတ်ဝင်ရောက်၍ ကျေးရွာအချို့၌ စခန်းချကာ ဧပြီလ ၃ ရက်တွင် ဒေသခံ ၃၀ ကျော်ကို ဖမ်းဆီးပြီးနောက် ကိုအောင်သန်းဌေးနှင့် ဦးလင်းမောင်ဆိုသူတို့အား မယ်ကဲရွာအနီးတွင် လက်ထိတ်ခတ်လျက် ပစ်ခတ်သတ် ဖြတ်ခဲ့သည်။ ၎င်းအကြမ်းဖက်စစ်ကောင်စီတပ်များမှာ ယင်းတိုက်နယ်တွင်းရှိ မယ်ကဲ၊ ကျောက်အိုင်နှင့် ဝင်းကဖော်ရွာများကိုလည်း ဝင်ရောက်ရှာဖွေကာ ပြည်သူပိုင် နေအိမ် ၁၅ လုံးကျော်ကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်။

■

## အကြမ်းဖက်စစ်တပ်က ကျူးလွန်တဲ့ အဓမ္မပြုကျင့်မှုများ

စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်၊ ကျော်လှကျေးရွာတွင် အကြမ်းဖက်စစ်ကောင်စီတပ်များက ဒေသခံ အမျိုးသမီးသုံးဦးအား အဓမ္မပြုကျင့်ပြီးနောက် သတ်ပစ်လိုက်သည်။

စစ်ကိုင်းတိုင်း၊ မင်းကင်းနှင့် ကနီမြို့နယ်ကြား တင်းတောကျေးရွာ၌ ဒေသခံအမျိုးသားတစ်ဦးအား အကြမ်း ဖက်စစ်ကောင်စီ တပ်ဖွဲ့ဝင်များက ဖမ်းဆီးပြီးနောက် ၎င်း၏ ဇနီးနှင့် အရွယ်မရောက်သေးသည့် သမီးဖြစ်သူ အား အဓမ္မပြုကျင့်မှု ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ကျူးလွန် ခံရသူများ၏ လုံခြုံရေးနှင့် အသက် အန္တရာယ်အတွက် အသေးစိတ်အ ချက် အလက်များကို ထုတ်ဖော်ခြင်း မပြုလုပ် ဘဲလျှို့ဝှက်ထားရှိထားခြင်းဖြစ်သည်။

မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ယောနယ်၊ ဂန့်ဂေါ-ကလေးလမ်းပေါ်ရှိ ထယ်လှော်ရွာအား အကြမ်းဖက်စစ်ကောင်စီတပ်များက ဧပြီလ ၄ ရက်နေ့တွင် ဝင်ရောက် စီးနင်းပြီးနောက် အသက် ၁၆ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးနှင့် ဖခင်ဖြစ်သူကို ဖမ်းဆီးသွားခဲ့ပြီးနောက် ဖခင်ဖြစ်သူကို လက်ပြန်ကြိုးတုပ် ရိုက်နှက်သတ်ဖြတ်ပြီးနောက် သမီးဖြစ်သူ ကိုပါ အဓမ္မပြုကျင့်ကာ နှစ်ဦးစလုံးအား မီးရှို့အလောင်းဖျောက်ဖျက်ခဲ့သည်။

ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့အနီး၊ ဟူနှောင်းကျေးရွာတွင် တပ်ချထားသည့် စစ်ကောင်စီတပ်မှ တပ်သားတစ်ဦးက ကျေးရွာနေ အသက် ၅၀ ကျော် ဒေသခံ ကချင်အမျိုးသမီးတစ်ဦးအား ရိုက်နှက်၍ အဓမ္မပြုကျင့်ရန် ကြိုးပမ်းမှု ဧပြီလ ၁၂ ရက် နံနက် ၉ နာရီခန့်က ဖြစ်ပွားခဲ့သည်။ ယင်းသို့ အလိုမတူဘဲ အဓမ္မပြုကျင့်ရန် ကြိုးပမ်းမှုအား သက်ဆိုင်ရာ စစ်ကြောင်းမှူးအရာရှိများထံ သွားရောက်တိုင်ကြားခဲ့သော်လည်း ငွေကျပ်တစ်သိန်းပေးကာ ကြေအေး ပေးရန် ဖိအားပေး တောင်းဆိုခဲ့သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဒေသခံရွာလူကြီးများနှင့် စစ်တပ်အရာရှိများ ညှိနှိုင်းနေစဉ် ပြစ်မှုကျူးလွန်သည့် တပ်သားမှာ ချုပ်နှောင်ထားရာမှ လွတ်မြောက်သွားကာ အခြားစစ်ကောင်စီတပ်ဖွဲ့ဝင်သုံးဦးအား ပစ်ခတ်သတ်ဖြတ်၍ ထွက်ပြေး လွတ်မြောက်သွားသည်ဟု သိရသည်။

မန္တလေးတိုင်း၊ တောင်သာမြို့နယ်၊ ဇကျမ်းကျေးရွာနေ အသက် ၂၀ အရွယ် စိတ်ဝေဒနာသည် အမျိုးသမီးတစ်ဦးအား ကျေးရွာအထက်တန်းကျောင်း၌ လုံခြုံရေးယူထားသည့် စစ်ကောင်စီ တပ်ဖွဲ့ဝင်တစ်ဦးက မိဘများမရှိသည့်အ ချိန်တွင် ခေါ်ဆောင်ကာ ကျောင်းအနီး အိမ်တစ်ခုတွင် အဓမ္မပြုကျင့်မှု ဧပြီလ ၅ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သည်။ အဆိုပါ စိတ်ဝေဒနာသည် အမျိုးသမီးမှာ မိဘများ

နှင့်အတူ နေထိုင်သူဖြစ်ပြီး အဆိုပါ စစ်သား ခေါ်ဆောင်သွားသည် ကို မြင်ကြသည့် ရွာခံများက မိဘများအား အကြောင်းကြားကာ လိုက်လံရှာဖွေစဉ် အစမ္မပြုကျင့်နေသည့် စစ်သား အား တွေ့ရှိပြီးနောက် ဝိုင်းဝန်းဖမ်းဆီးရန် ကြိုးစားစဉ် အဆိုပါစစ်သားက အမှုလုပ်ပြဿနာရှာသူများအား ပစ်ခတ်သတ်ဖြတ်ပစ်မည်ဟု ခြိမ်းခြောက်ကာ ထွက်ပြေးသွားခဲ့သည်။ ယင်းသို့ အလိုမတူဘဲ အစမ္မပြုကျင့်မှုနှင့် ပတ်သက်၍ ကျူးလွန်သူအား အရေးယူပေးရန် စစ်တပ်အား သွားရောက်တောင်းဆို ခဲ့သော်လည်း စစ်တပ်အရာရှိများဘက်မှ ယင်းကိစ္စမှာ သမီးရည်စား ချစ်ကြိုက်၍ အတူနေကြခြင်းသာ ဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

■

## မြန်မာ့အရေးအတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အတိုင်ပင်ခံနှင့် NUG ပြည်ထောင်စုဝန်ကြီးတို့ တွေ့ဆုံ

မြန်မာပြည်သူ တစ်ဦးချင်းစီတိုင်းအတွက် လူ့အခွင့်အရေးများ ပိုမိုရရှိ မြှင့်တင်နိုင်ရေးအတွက် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အတိုင်ပင်ခံ ဒဲရစ်ချောလက်နှင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင် မျိုးမင်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ ဧပြီလ ၈ ရက် တွင် ဝါရှင်တန်ဒီစီမြို့တော်၌ တွေ့ဆုံခဲ့ သည်။

တွေ့ဆုံဆွေးနွေးမှုတွင် မစ္စတာဒဲရစ်ချောလက်က မြန်မာနိုင်ငံ၏ အားလုံးပါဝင်မှုရှိသော ဒီမိုကရေစီအနာဂတ်အတွက် အမေရိကန် နိုင်ငံ၏ ထောက်ခံအားပေးမှု၊ မြန်မာစစ်တပ်၏ ရာဇဝတ် ကျူးလွန်မှုများအပေါ် တရားမျှတမှုဖော်ဆောင်နိုင်ရေး တိုးမြှင့် လုပ်ဆောင်သွားရန် ဆက်လက် ကြိုးပမ်း အားထုတ်နေမှုများနှင့် စပ်လျဉ်းပြီး အလေးအနက်ထား ပြောကြားခဲ့သည်။

---

## “မိသားစုကျန်ခဲ့လို့ သွားပြန်ခေါ်တဲ့ ကောင်လေးကို ဖမ်းပြီး လမ်းမှာတင် ခေါင်းကိုတေ့ပြီး ပစ်သတ်လိုက်တယ်”

### ရေစကြိုမြို့နယ်အတွင်း စစ်ကောင်စီအကြမ်းဖက်တပ်ဖွဲ့များက ကျေးရွာများအား မီးရှို့ဖျက်ဆီးနေမှု များနှင့် ပတ်သက်၍ ဒေသခံတစ်ဦးအား တွေ့ဆုံမေးမြန်းခြင်း

**မေး - ဆရာတို့ ရေစကြိုနယ်ဖက်မှာ ကျေးရွာတွေ မီးရှို့ခံရတာ ဖျက်ဆီးခံရတာတွေနဲ့ ပတ်သက်ပြီး သိခဲ့မြင်ခဲ့ ကြားခဲ့တာလေးတွေ ပြန်ပြောပြပေးနိုင်မလား ဆရာ။**



ဖြေ - ဟုတ်ကဲ့ပါ ခင်ဗျ။ ကျွန်တော်တို့ ရေစကြိုရေလယ်ကျွန်း ချင်းတွင်း အရှေ့ခြမ်းမှာ ရွာပေါင်း ၄၀ လောက်ရှိပါတယ်၊ ရွာတန်းရှည်ပေါ့။ သူတို့ စကစတွေက ကျွန်တော်တို့ ရွာတွေဆီကို ၂.၄.၂၀၂၂ကစပြီး အဖွဲ့(၃)ဖွဲ့၊ စစ်ကြောင်း၃ခုနဲ့ ထိုးလာကြတာ။ ပထမတစ်ဖွဲ့က ချင်းတွင်းမြစ်ကို ကူးပြီး နွယ်နီရွာဖက်ကိုဝင်တယ်၊ ခြံရာကျေးရွာကို ဝင်တယ်။ ခြံရာမှာ သေနတ်တွေနဲ့ပစ်တယ်၊ လက်နက်ကြီးတွေပစ်တယ်။ အမျိုးသမီး တစ်ယောက် သေနတ်နဲ့ပစ်ခံရပြီး သေသွားတယ်။ အိမ် (၂) လုံး လောက် မီးရှို့သွားတယ်။ အဲဒီကနေ လှေခုတ်ဖက်ကို ဆက်သွားပြီး အိမ် (၆) လုံး မီးရှို့ခံရတယ်လို့ သိရပါတယ်။ အဲဒီနေ့မှာ နောက်တစ်ဖွဲ့က မီးလောင်ကျွန်းရွာဖက်ကို

ဝင်ပြီး သေနတ်တွေ ဖောက်၊ လက်နက်ကြီးတွေနဲ့ ပစ်တယ်။ အိမ်တွေ မီးရှို့တယ်။ အိမ်(၁၀)လုံး လောက် ပြာကျသွား တယ်။ ခြေထောက်မသန်တဲ့ လူကြီး တစ်ယောက် မပြေးနိုင်လို့ သေနတ်မှန်ပြီး သေသွားတယ်။ ပြီးတော့ မိဖု ရားရွာမှာလည်း အိမ် (၂) လုံး မီးရှို့ခံရတယ်။ နောက်တစ်ဖွဲ့က လည်း မာလကာခြံ တို့၊ဆင်ခြေရာ ရွာတို့၊ ရွှေလုံ့ရွာ တို့ဖက် ဝင်မွှေ တယ်။ အိမ်တွေထဲဝင်ရှာ၊ သေနတ်တွေ ဖောက်တယ်။ လူတော့ မထိခိုက် ဘူးလို့ ပြောကြတယ်။ ၃.၄.၂၂ ရက်နေ့မှာတော့ ပထမ တစ်ဖွဲ့က ဆင်တဲဖက်ကနေ ပေါက်တော၊ နေရင်းမင်းရွာဖက် ကိုသွားတယ်။ မသကာ်တဲ့ အိမ်တွေကို ရှာတယ်၊ ဝင်စစ်တယ်။ ပစ္စည်းတွေ ရိုက်ခွဲ ဖျက်ဆီးသွားတယ်။

နေရင်းမင်းရွာမှာရှိတဲ့ ပရဟိတ ဆေးခန်းကိုတော့ ဝင်မွှေနှောက်ပြီး ဆေးတွေ ပစ္စည်းတွေ ယူသွားကြတယ်။ အဲဒီရွာမှာ စခန်းချပြီး ရွာကမွေးထားတဲ့ ကြက်တွေ၊ တိရိစ္ဆာန်တွေ သတ်စား တယ်၊ လူထိခိုက်မှုတော့ မရှိဘူး။ သူတို့ရှိတော့ ရွာသားတွေက ရွာထဲကို မဝင်ရဲကြဘူး။ နောက်တစ်ဖွဲ့က ဖြူဘူးရွာကို ၈နာရီလောက်ကစပြီး လက်နက်ကြီး နဲ့ပစ်၊ သေနတ်တွေဖောက်ပြီး ဝင်လာတာ ၁၀ နာရီလောက်က စရှို့လိုက်တဲ့မီးက ၁၂ နာရီလောက်ထိ ငြိမ်းလို့လည်းမရ၊ လေကလည်း တိုက်နေတော့ တော်တော်များများ လောင်သွား ပြာကျသွား တယ်။ ရွာချင်းကပ်ရက် ကျောက်ဖူးရွာက အမျိုးသမီးတစ်ဦး လမ်းသွားနေရင်း သေနတ်မှန်ပြီး သေဆုံးခဲ့ ပါတယ်။ အဲဒီကနေပြီး ဘိုကုန်းရွာကို ဝင်ပြီး အိမ် (၂) လုံးမီးရှို့တယ်။ အချို့အိမ်တွေမှာ ပစ္စည်းတွေ ရိုက်ခွဲ ဖျက်ဆီး၊ ဘာမှပြန်သုံး မရအောင် လုပ်သွားတာ။ နောက်တစ်ဖွဲ့က ဇရပ်နီရွာကို ဝင်ပြီး လူတစ်ယောက်ကို ဖမ်းခေါ်သွားတယ်လို့ ကြားသိရပါတယ်၊ သေနတ်တွေတော့ ဖောက်တယ် လူတော့ ထိခိုက်မှု မရှိပါဘူး။

**“ပစ္စည်းတွေ ခုံတွေ ရိုက်ခွဲ၊ ဆီတွေ သွန်ပစ်၊ ပန်းကန်တွေ ဆိုလည်း ထည့်စားမရအောင် လုပ်ပစ်ခဲ့ ကြတာ။ ဆန်တွေ ကိုလည်း ချက်စားလို့ မရတော့ အောင် လုပ်သွားကြတယ်”**

**မေး - ဖြူဘူးရွာမှာ အိမ်ခြေ ဘယ်နှစ်လုံးလောက် မီးလောင်ဆုံးရှုံးခဲ့ပါသလဲရှင့်အခြားပျက်ဆီးဆုံးရှုံးမှုတွေရော ရှိပါသေးလားရှင့်**

ဖြေ - ဟုတ်ကဲ့ အိမ် (၅၆) လုံးလောက် မီးရှို့ခံခဲ့ရပါတယ်၊ အကုန်ပြာကျသွားတာပါပဲ။ ပဲမှော်တိုက်၊ စပါးကျီတိုက်တွေလည်း မီးထဲပါသွားတော့ အဆောက်အဦ (၁၀၀) နီးပါးလောက် ရှိပါတယ်။ ပျက်ဆီးစာရင်း အတိအကျတော့ မရသေးပါဘူး။

**မေး - နောက်ထပ်ရော အခြားရွာတွေမှာ ဖျက်ဆီးခံရတာတွေ ရှိပါသေးလားရှင့်။**

ဖြေ - ဟုတ်ကဲ့ ရှိပါတယ်။ နောက်အဖွဲ့တစ်ဖွဲ့က ၄.၄.၂၂ မှာ ခြောက်မီးကျွန်းဖက်ကိုဝင်ပြီး အိမ်တွေပတ်မွှေတယ်၊ ဆိုင်ကယ် (၁၁) စီးလောက် မီးပုံရှို့ထားခဲ့တယ်။ နောက်ထပ် တောင်ကုန်းရွာမှာလည်း မီးထပ်ရှို့တာ အိမ် (၁၂) လုံးလောက် ပြာကျသွားတယ်။ နောက်တစ်ဖွဲ့ကလည်း သာဂေါင်ဆိုတဲ့ရွာကို လက်နက်ကြီးတွေပစ်ပြီး ဝင်တယ် လုန့်တယ်၊ ပြီးတော့ မြောင်နယ်အစပ်က ပန်းညိုဖက်ဆက်သွားတယ်။ ၅.၄.၂၂ မှာ နောက်တစ်ဖွဲ့ကလည်း မြေကျွန်းတို့၊ ဘိစပ်ကုန်းတို့၊ မျောက်မွေးပင်တို့ ရွာတွေဖက်ဝင်ပြီး အိမ်တွေဝင် ပစ္စည်း တွေဖျက်ဆီး၊ တီဗွီ တွေ့တီဗွီ ရိုက်ခွဲ မှန်ဘီဒိုတွေလည်း မှန်တွေခွဲ၊ ထိုင်ခုံတွေ ကအစ ရိုက်ချိုးခဲ့တာ၊ မီးတော့မရှို့ခဲ့ဘူး။ နောက်ငါ့ တရော်ရွာ ဖက်မှာလည်း ရွာကိုဝင်ပြီး လူတွေအပြင်မထွက် ကြဖို့ လိုက်အော် တယ်။ အမျိုးသမီးတစ်ဦးက ဖုန်းပြောရင်း အိမ်ပြင် အထွက်မှာ ပစ်သတ်လိုက်တယ်လို့ သိရပါတယ်။ အဲဒီအဖွဲ့က ဘုန်းကြီးကျောင်း မှာ တည်းပြီး ပြည်သူတွေကို ခြိမ်းခြောက်မှု တွေလည်း လုပ်ခဲ့ တယ်လို့ ရွာခံတွေက ပြောပါတယ်။ အဲဒီနေ့မှာပဲ နောက်တစ်ဖွဲ့က တောင်အရှေ့ရွာကို ဝင်တယ်။ အဲဒီမှာ ရွာထဲမှာ မိသားစုတွေ ကျန်ခဲ့လို့ သွားပြန်ခေါ်တဲ့ အသက် (၂၀) အရွယ် ကောင်လေး တစ်ယောက်ကို ဖမ်းပြီး လမ်းပေါ်မှာတင် ခေါင်းကို တော့ပြီး ပစ်သတ်လိုက်တယ်။ နောက် ထန်းတောနဲ့ ကူနီရွာ ဖက်မှာလည်း နောက်တစ်ဖွဲ့က ဘုန်းကြီးကျောင်းမှာ နေနေတဲ့ ပြည်သူတွေရဲ့ ဖုန်းတွေယူစစ်တယ်၊ တချို့ဖုန်းတွေဆို ကဒ်တွေပါ ဖြုတ်ယူသွား တယ်လို့ ပြောကြပါတယ်။ ဆိုင်တွေမှာ လည်း ပစ္စည်းတွေ ခုံတွေ ရိုက်ခွဲ၊ ဆီတွေ သွန်ပစ်၊ ပန်းကန်တွေ ဆိုလည်း ထည့်စားမရအောင် လုပ်ပစ်ခဲ့ကြတာ။ ဆန်တွေကိုလည်း ချက်စားလို့မရတော့အောင် လုပ်သွားကြတယ်။ နောက်တစ်ဖွဲ့ ကလည်း ချင်းယား ဖက်ကို သွားပြီး ရွာတွေပတ်မွှေ၊ အိမ်တွေ ဖျက်ဆီး၊ ပစ္စည်းတွေ ရိုက်ခွဲ လုပ်ပြီးတော့ ၆ ရက်နေ့ ညနေ လောက်မှာ သူတို့အဖွဲ့တွေ ပြန်ထွက်

သွားကြတယ်။ မြေတော် စခန်းမှာတော့ အင်အား နည်းနည်း ကျန်ခဲ့တယ်။

**မေး - ဆရာ့အနေနဲ့ အခုလို အချက်အလက်လေးတွေ ဘယ်လိုများကြားသိခဲ့ရပါလဲရှင့်။**

ဖြေ - ဟုတ်ကဲ့ ရွာသားတွေ အချင်းချင်း အပြန်အလှန် မေးကြ ပြောကြလို့ သိတာလည်းပါတယ်။ ကျွန်တော်တို့က မီးဘေး သင့်တဲ့ ရွာတွေအချင်းချင်း သွားကူညီပေးရင်းနဲ့ ရွာခံတွေဆီကနေ သိခဲ့ရသမျှတွေကိုရော ပြန်ပြောပြတာပါခင်ဗျ။

**မေး - ဟုတ်ကဲ့ ဒီလိုဖြစ်ခဲ့ရတာတွေနဲ့ ပတ်သက်ပြီး ဆရာ့အနေနဲ့ဘာများ ဖြည့်စွက်ပြောချင်ပါသေးလဲ ရှင့်။**

ဖြေ - ဟုတ်ကဲ့ ဒီရေလယ်ကျွန်းဖက်မှာ အခုဖြစ်ခဲ့တာတွေအတွက်လည်း ဘာမှမလုပ်ပေးနိုင်ဘူး။ နောက်ထပ် စစ်ကြောင်းထိုးလာတာတွေ ရှိလာရင်လည်း ကျွန်တော်တို့ ပြည်သူတွေက ပြေးနေရဦးမှာပဲ။ ဘာမှပြန်မတုန့်ပြန်နိုင်ဘူးဆိုတော့ ဒီရပ်ရွာတွေအတွက် အကူအညီတွေတော့ လိုအပ်နေတာမို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေအနေနဲ့ အကူအညီတွေ ပေးစေချင်ပါတယ်။ ကျွန်တော့် အနေနဲ့လည်း ဘာမှမလုပ်ပေးနိုင်ပဲ အားပေးစကားပြောရုံ၊ နှစ်သိမ့်ရုံလောက်ပဲ ပြောပေးနေရတာဆိုတော့ ပြည်သူတွေ အခုလို မပြေးမလွှားရပဲ အေးအေးချမ်းချမ်း နေရအောင် လုပ်ပေးနိုင်ရင် စိတ်ကျေနပ်မှုရတယ်ပေါ့ဗျာ။ အခုတော့ စိတ်မကောင်းဖြစ်ရုံပဲ တတ်နိုင်တာဆိုတော့ ကျွန်တော်တို့ ပြည်သူတွေ ပြေးနေလွှား နေရတာမျိုး မဟုတ်ပဲ အေးအေးချမ်းချမ်း နေရစေချင်တာပါပဲ။

■

## OP-ED

# လူ့အခွင့်အရေးချိုးဖောက်မှု၊ စစ်ရာဇဝတ်မှုများအတွက် ကျူးလွန်သူတိုင်း၌ တာဝန်ရှိသည်

၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ တွင် အာဏာသိမ်းခဲ့သည့် စစ်တပ်သည် အာဏာသိမ်းမှု ဆန့်ကျင်သူများအပေါ် မတရားဖမ်းဆီး၊ သတ်ဖြတ်မှုများကို လိုင်စင်ရထားသကဲ့သို့ပင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပေါ်ပေါ်ထင်ထင် ကျူးလွန်လျက်ရှိသည်။

အာဏာသိမ်းစစ်ခေါင်းဆောင်များ၏ အမိန့်ဖြင့် စစ်တပ်အရာရှိကြီးများကိုယ်တိုင် ရွေးကောက်ခံအစိုးရအဖွဲ့ဝင်များနှင့် တက်ကြွလှုပ်ရှားသူများကို မတရားဖမ်းဆီးခြင်းမှသည် အောက်ခြေစစ်သားများကလည်း ပြည်သူတွေအပေါ် မြင်မြင်ရာ သေနတ်ဖြင့် ပစ်ခတ်ကာ ခြိမ်းခြောက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် ရုပ်အလောင်းများကို မီးရှို့၍ ဖျောက်ဖျက်နေကြသည်။ ထို့အပြင် ၎င်းတို့သည် ပြည်သူများ၏ ပုဂ္ဂလိကပိုင်နက်များသို့ ကျူးကျော်ဝင်ရောက်စီးနင်းကာ ဖမ်းဆီးချုပ်နှောင်ခြင်း၊ နေအိမ်များကို ဖျက်ဆီး၊ မီးရှို့ခြင်းများကိုလည်း နေ့စဉ်ရက်ဆက်ပင် လုပ်ဆောင်နေကြသည်။

အကြမ်းဖက်စစ်ကောင်စီ၏ လက်ဝေခံတပ်ဖွဲ့ဝင်များနှင့် ထောက်ခံသူများကလည်း TikTok, Facebook ကဲ့သို့ လူမှုကွန်ယက် စာမျက်နှာများတွင် “သတ်ပစ်မည်”ဟူသော ပြောဆို ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်များအပါဝင် အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ထောက်ခံအားပေးသည့် ဗွီဒီယိုများ၊ စာသားများတင်ကာ ပြည်သူလူထု၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်မှုနေကြသည်။ ထို့အပြင် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးခြင်း၊ အိမ်များကို ချိတ်ပိတ်ခြင်းအပါဝင် ဆန္ဒပြပွဲများတွင် ရိုက်နှက်ဖမ်းဆီးခံရသူများ၏ ပုံများကို ရုရှားနိုင်ငံအခြေစိုက် Telegram မှတဆင့် ဖြန့်ဝေကာ ၎င်းတို့အပေါ် ဆန့်ကျင်မှုမပြုလုပ်ရန် စစ်အုပ်စုလက်ဝေခံများက နေ့စဉ်ခြိမ်းခြောက်မှုများလည်း ရှိနေသည်။

ပြည်သူလူထုအပေါ် စနစ်တကျ ကျူးလွန်ထားသည့်၊ ကျူးလွန်နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အာဏာသိမ်းစစ်ခေါင်းဆောင်များတွင်သာ တာဝန်ရှိသည်ဟု ဆိုသည့်တိုင် ၎င်းတို့

၏ အမိန့်အောက်မှ ကျူးလွန်နေကြသည့် အောက်ခြေ စစ်သားများကိုလည်း လျစ်လျူရှုထား၍ မရပေ။

အာဏာသိမ်းစစ်တပ်သည် အထက်မှ အောက်သို့ အမိန့်စီးဆင်းမှု၊ အောက်မှ အထက်အမိန့်နာခံမှုတို့အပေါ်တွင် အခြေတည်သည့် လက်နက်ကိုင် အဖွဲ့အစည်းဖြစ်သည့်အလျောက် အထက်အမိန့်အရ လုပ်ဆောင်ရသည်ဟူသော အကြောင်းပြချက်အောက်တွင် ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် စစ်အုပ်စု ထိပ်ပိုင်းခေါင်းဆောင်များသာမက မြေပြင်တွင် လက်တွေ့ အကောင်အထည်ဖော်ခဲ့ကြသည့် စစ်သားများ၊ ရဲတပ်ဖွဲ့ဝင်များကိုလည်း အရေးယူနိုင်ရန် အရေးကြီးသည်။

ပြည်သူများနှင့် နိုင်ငံတကာအနေဖြင့် ကျူးလွန်ခံထားရသည့် လူ့အခွင့် အရေးချိုးဖောက်မှုများအတွက် အောက်ခြေအဆင့်တွင် လက်တွေ့လုပ်ပိုင်ခွင့်ရထားသော စစ်သားများနှင့် ၎င်းတို့၏ ကျူးလွန်မှုများကို မသိကျိုးကျွံပြုမထားမိစေရန် လိုအပ်သည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ စစ်ရာဇဝတ်မှုများအတွက် စစ်အုပ်စုထိပ်ပိုင်းခေါင်းဆောင်များသာမကာ ၎င်းတို့၏ လက်ဝေခံများလည်း ကျူးလွန်မှုများအတွက် တရားစီရင်ခံရရန် လိုအပ်သည်။

## စစ်တပ်၏လူ့အခွင့်အရေးချိုးဖောက်မှုကြီးများ

၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရဲစခန်းများကို ARSA လက်နက်ကိုင်အဖွဲ့က ဝင်ရောက် တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်ပြီးနောက် နယ်မြေရှင်းလင်းရေး ခေါင်းစဉ်ဖြင့် ထိုဒေသ ရှိ ရိုဟင်ဂျာလူမျိုးများကို အကြမ်းဖက် သမားဟု စွပ်စွဲဖမ်းဆီးခြင်း၊ ရွာကို မီးရှို့ခြင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့သည်။ စစ်တပ်၏ အကြမ်းဖက် လုပ်ရပ်များကြောင့် သိန်းနှင့်ချီသော ရိုဟင်ဂျာများ နေရပ်စွန့်ခွာ နေကြရဆဲဖြစ်သည်။

၂၀၁၉ ခုနှစ်မှစ၍ စစ်တပ်က အင်အားအများအပြားဖြင့် ထိုးစစ်ဆင်ခဲ့သည့် ရခိုင်မြောက်ပိုင်းတွင်လည်း ရက္ခိုင့်တပ်တော်နှင့် ဆက်နွယ်သူများဟုဆိုကာ ဖမ်းဆီးနှိပ်စက်ခဲ့သူများအနက် တချို့မှာ သတင်းမကြားရတော့ဘဲ ပျောက်ဆုံးသွားရသကဲ့သို့၊ တချို့မှာ ယနေ့တိုင် အမှုရင်ဆိုင်နေရဆဲဖြစ်သည်။

၂၀၁၁ ခုနှစ်က ကချင်ပြည်နယ်တွင် တိုက်ပွဲများ တကျော့ပြန် ပြန်လည်ဖြစ်ပွားလာပြီးနောက် လက်နက်ကိုင် ပဋိပက္ခ နယ်မြေအတွင်း၌ ကချင်တိုင်းရင်းသားများအပေါ် မတရားပုဒ်မများဖြင့် ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခံခဲ့ရသည့် ဖြစ်စဉ် အများအပြားရှိခဲ့သည်။

ရှမ်းမြောက်ဒေသတွင်လည်း အသက်မပြည့်သေးသူ ကလေးသူငယ်များကို အပါအဝင် ဒေသခံပြည်သူများမှာ မတရားအသင်းဆက်သွယ်မှု ပုဒ်မ (၁၇(၁) ဖြင့် စွဲဆိုအရေးယူခံရမှုများလည်း ရှိနေခဲ့၊ ရှိနေဆဲ ဖြစ်သည်။ License to Rape ဟူ၍ပင် ခေါင်းစဉ်တပ်ကာ အစီရင်ခံစာထုတ်ပြန်ရလောက်အောင်အထိ ရှိခဲ့သော တောင်တန်းဒေသများတွင် စစ်တပ်မှ ကျူးလွန်ခဲ့သည့် လိင်အကြမ်းဖက်မှုများ၊ အဓမ္မပြုကျင့်မှုများသည် စစ်တပ် လက်အောက်ခံ အောက်ခြေအဆင့် တပ်ဖွဲ့ဝင်များက ကျူးလွန်ခဲ့ခြင်းများဖြစ်သည်။

ယခုနွေဦး တော်လှန်ရေးကာလတွင်လည်း စစ်အာဏာသိမ်းမှုကို ပုံစံအမျိုးမျိုးဖြင့် ဆန့်ကျင်သည့် ပြည်သူများကို အကြမ်းဖက် စစ်တပ်က ရန်သူသဖွယ် သတ်မှတ်ကာ ချေမှုန်းလျက်ရှိသည်။ ရရာလက်လုပ်သေနတ်ဖြင့် အံတုနေသည့် ချင်း၊ ကယား၊ စစ်ကိုင်းနှင့် မကွေးတိုင်းတို့ကို မြေပြင်စစ်ကြောင်းများသာမကာ လေကြောင်းပစ်ကူဖြင့်ပါ အသုံးပြု၍ နှိမ်နင်းစီးနင်းမှုများ ပြုလုပ်လျက်ရှိသည်။

အင်တာနက်ဖြတ်တောက်ခံထားရသည့် စစ်ကိုင်းနှင့် မကွေးတို့တွင် စစ်ကောင်စီ၏ အောက်ခြေတပ်သားများ သာမက ၎င်းတို့၏ လက်ပါးစေ ပျူစောထီးလက်နက်ကိုင်များကလည်း ကျေးရွာများကို တစ်ရွာဝင် တစ်ရွာထွက် စီးနင်း မီးတိုက်နေကြသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလဆန်းမှ စ၍ တွေ့ရှိရသည်မှာ မကွေးတိုင်းရှိ ရေနံတွင်းများနှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းရှိ ရွှေတောများတွင် ဆက်ကြေးကောက်ခြင်းများကို ခပ်စိတ်စိတ် ပြုလုပ်လာ

သည်ကို တွေ့ရသည်။ မြို့ကြီးများတွင်လည်း တည်ဆဲဥပဒေများနှင့် သွေဖီပြီး ဒဏ်ကြေးအမျိုးမျိုးကို ပါးစပ်ဈေးဖြင့် အတင်းအဓမ္မ ကောက်ခံနေသည်များကိုလည်း တွေ့ရှိရသည်။

အကြမ်းဖက်စစ်တပ်၏ ဖိနှိပ်မှုများကြောင့် တွန်းလှန်နေသည့် တောင်တန်းဒေသများတွင် အပြစ်မဲ့ပြည်သူများအပေါ် ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ ပြည်သူပိုင်ပစ္စည်းများအား ခိုးဝှက်လုယက်ခြင်း ကဲ့သို့သော လုပ်ရပ်များကို ယခုအခါ နိုင်ငံအဝှမ်းတွင် ဆက်လက် ကျူးလွန်နေပြီ ဖြစ်သည်။

အာဏာသိမ်းပြီးနောက် စစ်ကောင်စီတပ်၏ လူမဆန်သည့် လုပ်ရပ်များကြောင့် စစ်တပ် ထိပ်ပိုင်းခေါင်းဆောင်များနှင့် မိသားစုဝင် အချို့ကို နိုင်ငံတကာက ပိတ်ဆို့အရေး ယူမှုများ ရှိနေသော်လည်း မြေပြင်တွင် လက်တွေ့ အကောင်ထည်ဖော်နေသည့် တပ်ဖွဲ့ဝင် များမှာ ကင်းလွတ်နေသေးသည်။ စစ်တပ်ထိပ်ပိုင်း ခေါင်းဆောင်များ ၏ အမိန့်အရ မြေပြင်တွင် စစ်အာဏာ သိမ်းမှု ဆန့်ကျင်သူများကို ဖမ်းဆီး၊ သတ်ဖြတ်၊ မီးရှို့၊ စီးနင်းမှုများ အတွက် အောက်ခြေ စစ်ကောင်စီ တပ်ဖွဲ့ဝင်များ ကိုလည်း ပြစ်ဒဏ် ပေးနိုင်ရေး ဆောင်ရွက်ရန် လိုအပ်သည်။

**လူ့အခွင့်အရေး လှုပ်ရှားသူများ၏ ရည်ရွယ်ချက်သည် "နိုင်ငံတကာ ခုံရုံးများနှင့် ပြည်တွင်း တရားရေး မဏ္ဍိုင်များမှ ကျူးလွန်ခဲ့သူ မည်သူမဆို ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများ အတွက် ပြစ်ဒဏ်ပေးရေးနှင့် မည်သည့် အကြောင်းပြနှင့်မှ ဒဏ်ခတ် ခံရခြင်းမှ ကင်းလွတ်ခွင့် (Impunity)မပေးအပ်နိုင်ရေး" ပင် ဖြစ်**

## နိုင်ငံတကာ သင်ခန်းစာများ

"ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် ဘယ်သူ့မှာ တာဝန် ရှိသလဲ" ဆိုသည့် မေးခွန်းသည် ပညာရှင်များနှင့် တရားသူ ကြီးများအကြား ငြင်းခုံစရာ ဖြစ်ခဲ့သည်မှာ ဒုတိယ ကမ္ဘာစစ်အပြီးတွင် ပေါ်ပေါက်လာခဲ့သည့် နုရင်ဘတ်ခုံရုံးကတည်း ကပင် ဖြစ်သည်။

ဒုတိယကမ္ဘာစစ်အပြီးနှင့် စစ်အေးကာလအလွန်တွင် ဖြစ်ပွားခဲ့သည့် လူမျိုးတုန်းသတ်ဖြတ်မှုများအတွက် နိုင်ငံတကာ ခုံရုံးမှတ်တမ်းများ အရ ခေါင်းဆောင်များသည် အောက်ခြေတွင် ဖြစ်ပျက်ခဲ့သည့်

အဖြစ်အပျက်များကို အမိန့်ပေး မစေခိုင်းခဲ့ပါ ဟူသော လျှောက် လဲချက်ဖြင့် အပြစ်ဒဏ်မှ ပေါ့လျော့အောင် တရားခွင်တွင် ခုခံခဲ့သူ များ ရှိခဲ့သကဲ့သို့ ခေါင်းဆောင်များ၏ အမိန့်ပေးစေခိုင်းမှုကြောင့် လုပ်ဆောင်ခဲ့ရသည်ဟူသော လျှောက်လဲချက်များလည်း ရှိခဲ့သည်။

မည်သို့ပင် ဆိုစေကာမူ လူ့အခွင့်အရေး လှုပ်ရှားသူများ၏ ရည်ရွယ်ချက်သည် "နိုင်ငံတကာခုံရုံးများနှင့် ပြည်တွင်း တရားရေး မဏ္ဍိုင်များမှ ကျူးလွန်ခဲ့သူ မည်သူမဆို ကျူးလွန်ခဲ့သည့် ရာဇဝတ်မှု များအတွက် ပြစ်ဒဏ်ပေးရေးနှင့် မည်သည့်အကြောင်းပြနှင့်မှ ဒဏ်ခတ်ခံရခြင်းမှ ကင်းလွတ်ခွင့် (Impunity) မပေးအပ်နိုင်ရေး" ပင် ဖြစ်သည်။

ကမ္ဘာစစ်အပြီး နုရင်ဘတ်ခုံရုံးတွင် နာဇီနှင့် ဖက်ဆစ်ခေါင်းဆောင် အချို့ ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရခဲ့သည်။ ဥပမာ - နာဇီခေါင်းဆောင် တစ်ဦးဖြစ်သူ Heinz Reinefarth သည် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် ပြစ်ဒဏ် မခံစား ရခဲ့ရဘဲ စစ်အပြီးကာလတွင် နိုင်ငံရေး သမား တစ်ဦးအဖြစ် ဂျာမဏီ နိုင်ငံရေး တွင် ဆက်လက်ပါ ဝင်ခဲ့သေး သည်ကို ကြည့်လျှင် စစ်ရာဇဝတ်မှု ကျူးလွန်သူ များ ကင်းလွတ်ခွင့် ရခဲ့သည့် နမူနာကို တွေ့ရမည် ဖြစ်သည်။

ယူဂိုဆလားဗီးယားအတွက် နိုင်ငံတကာ ခုံရုံး (International Court of Tribunal for Yugoslavia - ICTY) မှ ယူဂိုဆလားဗီးယား သမ္မတဟောင်း Slobodan Milosevic မှာ ၎င်းနိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုများကြောင့် ထောင်ဒဏ်ချမှတ်လိုက်ရသည့် ပထမဆုံးသော နိုင်ငံ့ခေါင်းဆောင် ဖြစ်သည်။

ကမ္ဘောဒီးယားဖြစ်စဉ်တွင် ကမ္ဘောဒီးယား အစိုးရနှင့် ကုလသမဂ္ဂ တို့အကြား ညှိနှိုင်းဆောင်ရွက်မှုများကြောင့် နိုင်ငံတကာခုံရုံး (International Court of Tribunal) အနေဖြင့် မဟုတ်သော်လည်း

ပြည်တွင်းတွင် Khmer Rogue Tribunal မှ တဆင့် ကြားနာ စစ်ဆေးမှုများကို ပြုလုပ်ခဲ့သည်။

အာဖရိကတိုက်မှ Sierra Leone နိုင်ငံ ပြည်တွင်းစစ်အတွက်လည်း နိုင်ငံတကာ တရားသူကြီးများပါဝင်သည့် ပြည်တွင်းတရားခွင်များဖြင့် ခေါင်းဆောင်များကိုသာမက အောက်ခြေမှ ကျူးလွန်သူများကိုပါ အရေးယူမှုများ ပြုလုပ်ခဲ့သည်။

## ဘာတွေ လုပ်ဆောင်သင့်သလဲ

ယူဂိုဆလားဗီးယားနှင့် ရဝမ်ဒါ ဖြစ်စဉ်များတွင် လူမျိုးသုဉ်းသတ်ဖြတ်မှုများအပြီး တာဝန်ယူရသည့် အစိုးရသည် အဆိုပါ ရာဇဝတ်မှုများကို စီရင်ရန်အတွက် လွတ်လပ်သည့် တရားရေးမဏ္ဍိုင်တစ်ခုကို ထားရှိရန် စိတ်ဆန္ဒ (Political will) နှင့် လုပ်ဆောင်နိုင်စွမ်း (Capacity) မရှိသည့်အတွက် နိုင်ငံတကာခုံရုံး ဖွဲ့စည်းလိုက်ရခြင်း ဖြစ်သည်။

ကမ္ဘောဒီးယားနှင့် Sierra Leone နိုင်ငံများတွင်မူ ပြည်တွင်း ခုံရုံးနှင့် နိုင်ငံတကာ တရားသူကြီးများနှင့် ပူးပေါင်းပြီး ကြားနာစီရင်ခဲ့သည်။ အဆိုပါ နှစ်နိုင်ငံ၏ စစ်ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးသည် အားနည်းချက်များ ရှိသော်လည်း ပြစ်မှုကျူးလွန်သူများကို ပြစ်ဒဏ်မှ ကင်းလွတ်နေခွင့် (Impunity) ကို လျှော့နည်းစေနိုင်သည်။ အဘယ့်ကြောင့် ဆိုသော် နိုင်ငံတကာနှုန်းစံများကို အခြေခံ၍ ပြည်တွင်းတရားရေးနှင့် ပေါင်းစပ်ကာ စီရင်နိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

အသွင်အကူးအပြောင်းဆိုင်ရာ တရားမျှတမှု (Transitional Justice) အတွက် လုပ်ဆောင်သည့်အခါ လွတ်လပ်သည့် တရားစီရင် ရေးနှင့် Restorative justice ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ကြိုတင်ပြုလုပ်ထားရန်လိုအပ်ပြီး စစ်မှန်သည့် နိုင်ငံရေး စိတ်ဆန္ဒရှိရန်လည်း လိုအပ်ပေသည်။

"မည်သူမဆို ကျူးလွန်သည့် ပြစ်မှုများအတွက် တာဝန်ခံရမည်" ဖြစ်သည်။ "အစွယ်လိုသူ မိဖုရား၊ အသွားခိုင်းစေသူ မင်းကေရာဇ်နှင့် လေးပစ်သူ ဘုရား ကျွန်တော်" ပုံစံမျိုးဖြင့် ကျူးလွန်ခဲ့မှုများအား ရှောင်လွှဲ၍ မရပါ။ နိုင်ငံတကာအနေဖြင့်လည်း စစ်တပ်ထိပ်ပိုင်း ခေါင်းဆောင်များနှင့် မိသားစုဝင်များကို အရေးယူဒဏ်ခတ် ပိတ်ဆို့မှုများအား ပြုလုပ်သကဲ့သို့ အောက်ခြေ မြေပြင်မှ အရာရှိ၊ တပ်ဖွဲ့ဝင်များကိုပါ အရေးယူ ပိတ်ဆို့မှုများ ပြုလုပ်သင့်ပေသည်။ ကျူးလွန်ခဲ့သည့် ပြစ်မှုများကို ဝန်ခံကာ ထိုက်သင့်သည့် အပြစ်ဒဏ်ကို ခံယူပြီး ပြုပြင်ပြောင်းလဲမည်ဆိုပါမှ လွတ်ငြိမ်းခွင့် (Amnesty) ကို ပေးအပ်ပြီး Restorative Justice ကို ဆောင်ကြဉ်းနိုင်မည် ဖြစ်သည်။ Restorative Justice သည် နွေဦးတော်လှန်ရေးကာလ အလွန် အသွင်အကူးအပြောင်းဆိုင်ရာ တရားမျှတမှု (Transitional Justice) ကို ဆောင်ရွက်ရာတွင်လည်း အထောက်အကူ ပြုနိုင်ပေလိမ့်မည်။

အဆိုပါစီရင်မှုများအတွက် ပြည်သူများအနေဖြင့် အကြမ်းဖက် စစ်အုပ်စုနှင့် ၎င်း၏ လက်ပါးစေလက်နက်ကိုင်အဖွဲ့ဝင်များက ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို သေချာစွာ မှတ်တမ်းတင်ထားရန် (Human Rights Violation documentation) လိုအပ်ပေသည်။ ယင်းမှတ်တမ်းသည် ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များအား တရားစီရင်ရေးအတွက် ခိုင်မာသည့်သက်သေခံချက်များအဖြစ် တည်ရှိမည်ဖြစ်ကာ အရေးယူပြစ်ဒဏ်ပေးနိုင်ရေးအတွက်ကို ထိရောက်စေမည် ဖြစ်သည်။ ■

> **အသွင်အကူးအပြောင်းဆိုင်ရာ တရားမျှတမှု (Transitional Justice) အတွက် လုပ်ဆောင်သည့်အခါ လွတ်လပ်သည့် တရားစီရင်ရေးနှင့် Restorative justice ဆိုင်ရာပြဋ္ဌာန်းချက်များကို ကြိုတင် ပြုလုပ်ထား ရန်လိုအပ်ပြီး စစ်မှန် သည့် နိုင်ငံရေး စိတ်ဆန္ဒရှိရန်လည်း လိုအပ်ပေသည်။**